# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၂၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၄-၇-၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ **လွိုင်လင်၊ ပင်လုံဒေသရှိ GSM မိုဘိုင်းဖုန်းလိုင်းများ၊ တာဝါတိုင်များ တိုးချဲ့တပ်ဆင် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **ကန်ကြီးထောင့်မြို့နယ်၊ ဝက်ထိုးအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်ဝင်း၊ မိုင်းယန်း မဲဆန္ဒနယ်၏ **မိုင်းယန်းပြည်သူ့ဆေးရုံကြီးတွင် လက်ထောက် ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဝန်ထမ်းများ အတွက် ခြောက်ခန်းတွဲအိမ်ရာ တစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်၊ ဖားကပ် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံရှိ ဆရာဝန်နေအိမ်ဟောင်းအား ပြုပြင်ပေးရန်နှင့် အိမ်သစ် ဆောက်လုပ်ပေးရန်အတွက် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ် ပြည့်စွက် ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **မြဝတီမြို့ ခုတင်(၁၀၀) ဆေးရုံတွင် ဓာတ်မှန်ကျွမ်းကျင် တစ်ဦး၊ လက်ထောက်ဆရာဝန် (၂)ဦး၊ ကလေးအထူးကု ဆရာဝန်တစ်ဦးနှင့် လူနာခုတင်များ ဖြည့်တင်း ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ် ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိမရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်မည့် လူမှုရေး၊ စီးပွားရေးအကျိုးကျေးဇူးများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆိုင်ရာ တွက်ချက်ထားမှုတို့ကို ပြည်သူသို့ ရှင်းလင်းတင်ပြပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်က **" ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ပေါက်နက် ရေလှောင်တမံ စီမံကိန်းကို ယခုအစိုးရလက်ထက်တွင် အပြီးသတ် တည်ဆောက်ပေးရေးနှင့် ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေ ရရှိရေး အတွက် ဆည်ရေပေးရေး မြောင်းများကို စက်ယန္တရားများဖြင့် တူးဖော် တည်ဆောက်ပေးရေး နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း "** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" လွှတ်တော် ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။